ကိုအချိန်မီပစ်မချ လိုက်မိလျှင်ကမ်းပြင်တွင်ပဝင်ပျောက်ကွယ်သွားမည် လောဟုပင်ထင်ရပေသည်။ ဤကဲ့သို့မမြော်လင့်ဘဲ ရုတ်တရက်ငယ်သွားသောမိမိ၏ကိုယ်ခန္ဓာကလေးကိုကြည့်ရှု အံ့သြယင်းလျှော့ကျလာခဲ့ရာရေအိုင်ကြီး တစ်ခုထဲသို့ချော်ကျကာသေရေးရှင်ရေးကူးခပ်ရပြန်သည်။ ထိုရေအိုင်ကား သူ၏အရပ်အလွန်တရာ မြင့်မားစဉ်က ကြံရာမရ၍ ငိုကြွေးရာ၌ ကျဆင်းသောမျက်ရည်အိုင်ပင်ဖြစ်ရာ၊ ယခုကဲ့သို့အရပ် လွန်စွာသေးငယ်သွားသောအခါထိုမျက်ရည်အိုင်မှာ တကယ့်ရေအိုင်ကြီးကဲ့သို့ ရှိနေတော့သည်။

အဲလစ်ကလေးသည် စိုရွှဲလျက်ရှိသော အဝတ်များခြောက်သွေ့စေရန် ရေအိုင်ကမ်းစပ်တွင် ထိုင်နေသည်။ အနီးတွင် ငှက်ကလေးများနှင့်အတူ တစ်ခါမျှမမြင်ဘူးသော သတ္တဝါကလေးများအပြင် ကြွက်ကလေးတစ်ကောင်ကိုပါတွေ့ရ၏။ နှုတ်သီးကောက်ကောက်နှင့် ဒိုဒိုငှက်ကြီးတစ်ကောင်က အပြေးပြိုင်ပွဲတစ်ခုပြုလုပ်ရန်နှင့် အဲလစ်ကလေးကိုလည်းထိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် စိုရွှဲနေသော အဝတ်များမကြာမီ ခြောက်သွေ့သွားလိမ့်မည်ဟု အကြံ ပေးလေသည်။ သို့ဖြင့်အပြေးပြိုင်ကြရာတွင် မည်သူနိုင်၍ မည်သူရှုံးသည်ကို မသိရသော်လည်း အဲလစ်ကလေးမှာ နေရာတစ်ခုသို့ တစ်ယောက်တည်းရောက်နေကြောင်းတွေ့ရလေသည်။

အနီးအပါးတွင် ယခင်ကယုန်ဖြူကလေးကိုတစ်ဖန်တွေ့ရပြန်၏။ ယုန်ကလေးမှာ သူ့လောက်မျှသာရှိသောအဲလစ်ကလေးအား မြင်ရသောအခါယခင်ကကဲ့သို့ မကြောက်ရွံ့တော့ရုံသာမက သူ၏လက်အိတ်ကလေးများကို သွား၍ယူပေးရန်ပင် ခိုင်းလိုက်သေး၏။ လက်အိတ်ကလေးများကိုယူရန်အဲလစ်သည် ယုန်ကလေး၏ လှပသောအိမ်ကလေးအတွင်းသို့ဝင်ရောက်ခဲ့သည်။ အိမ်ကလေးအတွင်း၌ ပုလင်းတစ်လုံးကို တွေ့ပြန်သဖြင့် အထဲရှိဆေးရည်ကိုမော့သောက်လိုက်လေ၏။

ထိုသို့သောက်လိုက်သည်နှင့်တစ်ပြိုင်နက် အရပ်အမောင်းမှာ ရုတ်တရက်ကြီးမားထွားကျိုင်းလာလေတော့ရာ အိမ်ကလေးမှာ သူ၏ကိုယ်လုံးနှင့်မဆန့်အောင် ဖြစ်ကာလက်တစ်ဖက်ကို ပြတင်းပေါက်မှလည်းကောင်း၊ ခြေတစ်ဖက်ကိုမီးခိုးခေါင်းတိုင် အပေါက်မှလည်းကောင်းအပြင်သို့ ထုတ်ထားရ၏။ ယုန်ကလေးလည်း အဲလစ်ကလေးပြန်မလာနိုင်သဖြင့် နောက်ကလိုက်ခဲ့၏။ အဲလစ်ကလေးဖြစ်ပုံကိုမြင်ရသောအခါ ထ၍ခုန်မိမတတ် လန့်ဖျပ်သွားလေသည်။ အဲလစ်ကလေးကို အပြင်သို့ထုတ်ယူနိုင်ရန် အနီးရှိဥယျာဉ်မှူးကလေးများကိုခေါ်၍ ကြိုးစားထုတ်ယူ ကြသော်လည်း မတတ်နိုင်ကြတော့သည့်အဆုံးတွင် အိမ်အတွင်းသို့ ပြတင်းပေါက်မှ ကျောက်စရစ်ခဲကလေးများကို ပစ်သွင်းကြ၏။ ကျောက်စရစ်ခဲကလေးများသည် အိမ်ထဲသို့ရောက်သောအခါ ကိတ်မုန့်တုံးကလေးများ ဖြစ်သွား၏။ ထိုကိတ်မုန့်တုံးကလေးများကို အဲလစ်ကလေးသည် ကောက်၍စားလိုက်သည်တွင် သူ၏ကိုယ်မှာ ကြီးရာမှ တစ်ဖန်ပြန်လည်သေးငယ်သွားသဖြင့် အိမ်ကလေးထဲမှထွက် ပြေးပြီးသော်တောအုပ်တစ်ခုအတွင်း၌ ဝင်ရောက်ပုန်း အောင်းနေလေသည်။ ထိုတောအုပ်ထဲတွင် ပေါက်ဖတ်ကြီးတစ်ကောင်သည် မှိုပွင့်ကြီးတစ်ခုပေါ်၌ထိုင်၍ ဆေးတံရှည်ကြီးကိုခဲယင်း၊ အဲလစ်ကလေးကိုမြင်လိုက်သောအခါ သုန်မှုန်သောမျက်နှာဖြင့် မေးခွန်းပေါင်း သောင်းခြောက်ထောင်ကို မေးမြန်းလေတော့သည်။ အဲလစ်ကလေးမှာ ထိုမေးခွန်းများကို တစ်ခုမျှမဖြေနိုင်သောအခါ ပေါက်ဖတ်ကြီးသည် စိတ်တိုဟန်ဖြင့် ထွက်ခွာသွားရန်ဟန်ပြင်ယင်း ဒမင်းကိုင်ါတစ်ခုပြောမယ်။ ဒီဘက်အခြမ်းဟာမင့်အရပ်ကို ရှည်လာစေလိမ့်မယ်၊ ဟိုဘက်အခြမ်းကတော့မင့်အရပ်ကို တိုသွားစေလိမ့်မယ်'ဟုပြောကြားခဲ့၏။ အဲလစ်ကလေးလည်း ကောင်းစွာနားမလည်သဖြင့် ဒီဘက်အခြမ်းကတော့ ရှည်လာစေလိမ့်မယ်။ ဟိုဘက်အခြမ်းကတော့တိုသွား စေလိမ့်မယ်တဲ့။ ဘာများပြောတာပါလိမ့်။ ဒီဘက်အခြမ်းဆိုတာ ဘာရဲ့ဒီဘက်အခြမ်းလဲ၊ ဟိုဘက်အခြမ်းဆိုတာကတော့ ဘာရဲ့ဟိုဘက်အခြမ်းပါလိမ့်' ဟူ၍ စိတ်ထဲကမေးမြန်းနေမိရာ ပေါက်ဖတ်ကြီးသည် မေးသံကို ကြားရဘိသကဲ့သို့ ဒီမှိုကိုပြောတာကွဲ၊ ဒီမှို'ဟူ၍ ပြောရင်းထွက်ခွာသွားလေသည်။

အဲလစ်ကလေးသည် ထိုမှိုကြီးကိုထက်ခြမ်းခွဲ၍ တစ်ခြမ်းကိုစားကြည့်လိုက်လျှင် သူ၏အရပ်မှာ ရှိရင်းစွဲထက်ပင်ရုတ်တရက် အရှိန်ပြင်းစွာပုဝင်သွားရာ သူ၏ဦးခေါင်းနှင့်ခြေထောက်တို့ဖျတ်ခနဲရိုက်မိသည်အထိပင် ဖြစ်တော့သည်။ နောက်တစ်ဖန် ကျန်တစ်ခြမ်းကို စားကြည့်လိုက်ပြန်သည်တွင် အရပ်မှာ တစ်ဟုန်တည်း အထက်သို့ထိုးတက်မြင့်မားသွားပြီးနောက် တောအုပ်တစ်ခုလုံးမှာ သူ၏အောက်တွင် ကော်ဇောခင်းထားသကဲ့သို့ ပြားနေတော့သည်။ အဲလစ်ကလေးသည် မှိုကြီးကိုဟိုဖက်တစ်ဖွဲ့၊ သည်ဖက်တစ်ဖွဲ့အနည်းငယ်စီချိန်ဆ စားသောက်ခြင်းဖြင့် သူ၏အရပ်မှာနတ်သမီးကလေးအရွယ်မျှ ဖြစ်လာလေသည်။

အဲလစ်ကလေးသည် တောအုပ်အတွင်းမှ နေ၍အိမ်ငယ်ကလေးတစ်လုံးကိုတွေ့ရသဖြင့် သွားရောက်ကာ တံခါးကိုခေါက်လိုက်၏။ အတွင်း၌ကား အူသံ၊ အော်သံ၊ ကွဲအက်သံတို့ဖြင့် ဆူညံနေသဖြင့်တံခါးခေါက်သံကို မည်သူမျှမကြားကြချေ။ အဲလစ်ကလေးသည် တံခါးကိုအသာတွန်းဖွင့်၍ အတွင်းသို့ဝင်ခဲ့ရာတွင် မီးခိုးများလုံးနေသော မီးဖိုခန်းထဲသို့ရောက်သွားလေသည်။ မြို့စားကတော်ကြီးတစ်ဦးသည် ခွေးခြေကလေးပေါ်ထိုင်လျက် မွေးခါစကလေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဗေဒဆိုင်ရာ လက်တွေ့ မှန်ကန်သော အချက်အလက်များကိုသာ ရှာဖွေ လေ့လာလေသည်။ ထိုအချိန်က ဂြိုဟ်များနှင့်စပ်လျဉ်းသော ယူဆချက်တစ်ခုမှာ 'ဂြိုဟ်တို့သည် နေကိုစက်ဝိုင်းပုံလမ်းကြောင်းများဖြင့် လှည့်ပတ်ကြသည်'ဟူသော ကော့ပါးနီကပ်၏ယူဆချက် ဖြစ်၏။ နက္ခတ်ပညာကို ကက်ပလာလိုက်စားနေချိန်တွင် အီတာလျံသိပ္ပံကဝိ ဂယ်လီလီယိုနှင့် ဒိန်းလူမျိုး တီကိုဗရာဟေး ဆိုသူတို့သည်လည်း နက္ခတ်ပညာကို ဂရုတစိုက်လိုက်စားလျက် ရှိကြပေသည်။ တီကိုဗရာဟေးသည် ဗိုဟီးမီးယားနယ် ပရာဟာမြို့အနီးတွင်နက္ခတ်မျှော်စင်တစ်ခုဆောက်လုပ်၍ကက်ပလာအား ကူညီရန်ဖိတ်ခေါ်သည်တွင် ကက်ပလာလည်း လက်ခံကာ တတ်စွမ်းသမျှ အကူအညီ ပေးခဲ့လေသည်။ တစ်နှစ်နီးပါးမျှ အတူတကွလုပ်ကိုင်ကြပြီးနောက် တီကိုဗရာဟေး ကွယ်လွန်သောအခါ ကက်ပလာသည် တီကိုဗရာဟေး၏နေရာတွင် ဒုတိယရူးဒေါ့ဘုရင်၏ သင်္ချာနှင့် နက္ခတ်ဆရာ ကြီးအဖြစ် ဆက်ခံထမ်းရွက်လေသည်။ တီကိုဗရာဟေးစတင်၍ ပြုစုခဲ့သော ကြယ်စာရင်းကိုလည်း ဆက်လက်၍ ပြီးဆုံးသည့်တိုင်အောင်ပြုစုသည်။ ထိုကြယ်စာရင်းမှာ နှစ်ပေါင်း ၂၅ နှစ်ကြာမျှ ပြုစုခဲ့ရသောစာရင်းဖြစ်၏။ ထို အတောအတွင်းတွင်လည်း ကက်ပလာသည်အခြားနက္ခတ္တဗေဒနှင့်ဆိုင်သော အလုပ်များကိုလက်မလွှတ်ခဲ့ချေ။

သူသည် ဂြိုဟ်အချို့ နေကို ဖြတ်သွားမည့်အချိန်ကို တင်ကြို၍ပြောနိုင်ခဲ့သည့်ပြင် ဒီရေအတက်အကျမှာ လကြောင့်ဖြစ်သည်ဟုဆိုခဲ့သည်။ ကြယ်တံခွန်များစွာ တို့ကိုလည်း ကိုယ်တိုင်တွေ့မြင်ခဲ့သည်။ နောင်အခါ နျူတန်ကြံစည်တွေ့ရှိသောအာကပုနသတ္တိ နိယမအတွက် အထောက်အပံ့ဖြစ်စေသည့် အာပုနသတ္တိနှင့်ဆိုင်သောအချက်များကိုလည်း လမ်းစဖေါ်ပေးခဲ့လေသည်။ ( နက္ခတ္တဗေဒ။ )

ကက်ပလာသည် သူ၏ တစ်သက်တာတွင် မကြာခဏပင်အတိဒုက္ခရောက်ခဲ့ရသည်။ စစ်ကြောင့် အလုပ်ရပ်ဆိုင်းထားရသည့်အခါလည်းရှိ၍၊ နာမကျန်းသည့်အတွက် အလုပ်မလုပ်နိုင်သည့်အခါလည်း ကြုံခဲ့ရ၏။ လခမှန်မှန် မရမှုကြောင့် အမြဲပင်ချို့တဲ့ကျပ်တည်းခဲ့ရပေသည်။ ၁၆၂၈ ခုနှစ်တွင်အဆိုပါ အလုပ်မှထွက်၍ နှစ်သုံးဆယ်စစ်ပွဲတွင် ဦးစီးတိုက်ခိုက်သော ဗိုလ်ချုပ်ဝေါလင်စတိုင်း လက်အောက်တွင် ဝင်ရောက်အမှုထမ်းပြီးနောက် ၁၆၃၀ ခုနှစ်တွင် ကွယ်လွန်ရှာလေသည်။

ဂြိုဟ်တို့ရွေ့လျားပုံနှင့်စပ်လျဉ်း၍ ကက်ပလာသည် နိယမ ၃ခုကို ပြဋ္ဌာန်းထား၏။ ကက်ပလာကို အစွဲပြု၍ ယင်းတို့ကို ကက်ပလာ၏နိယမ ၃ ခုဟု ယခုတိုင်ခေါ်တွင်လျက်ရှိ၏။

## ကက်ပလာ၏ နိယမ ၃ ခု

(၁) မည်သည့် ဂြိုဟ်မဆို နေကိုလှည့်ပတ်ရာ၌ အီလစ်ပုံ (ဝိုင်းရှည်)လမ်းကြောင်းဖြင့် လှည့်ပတ်၍နေသည် ထိုအီလစ်ပုံ လမ်းကြောင်း၏ ဖိုးကပ် (ဆုံချက်) တစ်နေရာတွင် ရှိသည်။

(၂) လှည့်ပတ်သောလမ်းအတိုင်း ရွေ့ရှားရာတွင် ဂြိုဟ်၏ အမြန်သည် ပြောင်းလဲလျက်ရှိပြီး၊ ပြောင်းလဲပုံမှာ နေ၏ဗဟိုနှင့်ဂြိုဟ်၏ဗဟိုတို့ကို ဆက်ထားသောမျဉ်းသည် တူညီသောအချိန်တွင် တူညီသောဧရိယာကို ဖြတ်သွားနိုင်အောင် ပြောင်းလဲသည်။

(၃) နေကို ဂြိုဟ်လှည့်ပတ်သွားသောအချိန်သည် ဂြိုဟ်နှင့်နေတို့၏ အကွာအဝေးပေါ်တွင် အကြောင်းပြုလေသည်။ အကြောင်းပြုပုံမှာ ကြာသောအချိန်၏ ၂ ထပ်ကိန်းသည် အကွာ အဝေး၏ ၃ ထပ်ကိန်းနှင့်အချိုးကျဖြစ်သည်။

ကျွန်ုပ်တို့သည် ထိုနိယမ ၃ ခုဖြင့် မည်သည့်အချိန်တွင် မည်သည့်ဂြိုဟ်သည် မည်သည့်နေရာ၌ရှိမည်ကို တွက်ချက်ယူနိုင်ပေရာ၊ ထိုနိယာမတို့ကို လွန်ခဲ့သော အနှစ် ၃၀၀ကျော်က ကက်ပလာ ကြံစည်နိုင်ခဲ့ခြင်းမှာ အကယ်ပင်ထူးခြားသော ကမ္ဘာ့အံ့ဖွယ်တစ်ရပ် ဖြစ်ပေတော့သည်။

ကက်ဗိနက်အဖွဲ့။ ။အစိုးရဝန်ကြီးအဖွဲ့-ရှု။

**ကောက်တမန်း ဂျေ၊အက်(စ) (ခရစ် ၁၇၈၂-၁၈၄၂)** ။ ။ အင်္ဂလိပ်လူမျိုး နာမည်ကျော် ရှုမျှော်ခင်း ပန်းချီဆရာ ဂျွန်ဆဲကောက်တမန်းသည် ၁၇၈၂ ခု မေလ၁၆ ရက်နေ့တွင် နော်ရစ်မြို့၌ ဖွားမြင်၍ ဖခင်မှာ ပိုက်ဆံချမ်းသာသော ပိုးကုန်သည်တစ်ဦး ဖြစ်သည်။

ကောက်တမန်းသည် လန်ဒန်မြို့တွင် အနုပညာရပ်များကိုဆည်းပူးခဲ့ရာ တားနား၊ ဂါတင်အစရှိသော နာမည်ကျော်ပန်းချီဆရာကြီးများနှင့် မိတ်ဆွေဖြစ်ခဲ့၏။ သူ၏လက်ရာများမှာသူအသက်ထင်ရှားစဉ်က နာမည်မထွက်ခဲ့သော်လည်း ယခုအခါ၌မူ သူ့ကိုထင်ရှားသော ပန်းချီဆရာကြီးတစ်ယောက်အဖြစ် အသိအမှတ်ပြုကြသည်။ ကော်တမန်းသည် ရေဆေးရေးဆွဲရာတွင် အကောင်းဆုံးပန်းချီဆရာတစ်ဦး ဖြစ်လေသည်။

ဂျွန်ဆဲကောက်တမန်း၏ သားများဖြစ်ကြသော မိုင်းအက်ဒမန်ကောက်တမန်းနှင့် ဂျိုးဇက်ဂျွန်ကောက်တမန်းတို့သည်လည်း အင်္ဂလန်ပြည်၏ ရှုမျှော်ခင်း ပန်းချီဆရာကောင်းများ ဖြစ်ကြသည်။

ဂျွန်ဆဲကောက်တမန်းသည် ၁၈၄၂ ခု ဇူလိုင်လ ၂[illegible]နေ့တွင် ကွယ်လွန်သည်။



www.burmeseclassic.com

www.burmeseclassic.com


သို့သော် ဩစတြီးလီးယားနိုင်ငံက ဆားဗီးယားအစိုးရသည် ရာဇသံပါ အချက်တို့ကို လိုက်လျောရန် ပျက်ကွက်သည်ဟု စစ်ကျေညာလေသည်။ ရုရှားသည် ဆားဗီးယားနှင့်သာမက အခြား ဗော် လကန်နယ်ကလေးများနှင့် အကျိုးစီးပွားချင်း ဆက်စပ်နေသည်ဟုဆိုကာ ဆားဗီးယားကိုကူညီရန်စစ်ပြင်ခဲ့၏။ ထိုအခါပြင်သစ်ကလည်း မဟာမိတ် ရုရှားဖက်မှကူရန် အသင့်ပြင်လေသည်။ ရုရှား၏စစ်ပြင်ဆင်မှုမှာ ဩစတြီးလီးယားအတွက် အန္တရာယ်ဖြစ်နေလေရာ ဂျာမနီသည် ရုရှားနှင့်ပြင်သစ်တို့အား ၁၉၁၄ ခု ဩဂုတ်လ ၁ရက်နေ့နှင့်၃ရက်နေ့များတွင် စစ်ကျေညာခဲ့၏။ ထိုအချိန်အထိ သုံးနိုင်ငံမဟာမိတ်အဖွဲ့ဝင်တစ်ဦးဖြစ်သောဗြိတိန်နိုင်ငံသည် စစ်ထဲမပါသေးချေ။ အီတလီနိုင်ငံကလည်းကားနေမည်ဟုကျေညာ၏။

ပွဲဦးထွက်။ ။စစ်ဦးဘီလူးထွက် ထွက်လာခဲ့သောဂျာမနီကို တစ်ကမ္ဘာလုံးကအံ့ဩရလေသည်။ ဂျာမနီ၏တိုက်ခိုက်ပုံများမှာ အနှစ်နှစ်အလလက ကြိုတင်၍ သေချာစွာ ပြင်ဆင်မှုရှိသကဲ့သို့ အချက်ကျကျ အရာရောက်ရောက်နှင့် ထိမိစွာ တိုက်ခိုက်နိုင်ခဲ့၏။ ဂျာမနီ၏ စစ်တပ် အင်အားမှာ ဥရောပတစ်တိုက်လုံး၌ အကြီးမားအထင်ရှားဆုံးကဲ့သို့ဖြစ်ခဲ့သည်။ ဂျာမနီသည်ပြင်သစ်အား တစ်လအတွင်းသိမ်းပိုက်ပြီးမှ ရုရှားကို တိုက်ခိုက်ရန် ရည်ရွယ်ထားခဲ့၏။ ထို့ပြင် ဗြိတိန်ကို သိမ်းသွင်းပြီးနောက် အရှေ့ဘက်သို့ နယ်ချဲ့ရန် ဗော်လကန်နယ်များကို သိမ်းသွင်းရန် အစီအစဉ်လည်းရှိလေသည်။

ဗဲလဂျီယမ်ကို ဖြတ်ကျော်ခြင်း။ ။ ထို့ကြောင့်ဂျာမနီသည် ပြင်သစ်နိုင်ငံကို ပို၍ လျင်မြန်လွယ်ကူစွာ သိမ်းပိုက်နိုင်ခဲ့ရန် ဗဲလဂျီယမ်နိုင်ငံထံ ဖြတ်သန်းခွင့် တောင်းခဲ့၏။ ဗဲလဂျီယမ်မှာ ကြားနေနိုင်ငံဖြစ်ရာ၊ ဖြတ်သန်းခွင့် မပေးခဲ့ချေ။ ထိုအခါ ဂျာမနီသည် ဇွတ်အတင်း ဖြတ်ကျော်လေသည်။ ဗဲလဂျီယမ်တွင် ဂျာမန် စစ်တပ်များရှိနေပါက အင်္ဂလန်ကျွန်း၏ လုံခြုံရေးကိုစိုးရိမ်ရသည်တစ်ကြောင်း၊ ဗဲလဂျီယမ်၏ ကြားနေရေးကို အာမခံထားသည့်ပြင် ယင်းကိုထိပါးလာပါက ကူညီပါမည်ဟုလည်း စာချုပ်ထားသည်တစ်ကြောင်းကြောင့် ဗဲလဂျီယမ်ဘက်မှ ကူညီတိုက်ခိုက်ရန် အကြောင်းပြ၍ ဗဲလဂျီယမ်နိုင်ငံ ကလေးကိုဂျာမနီစတိုက်သည့် ဩဂုတ်လ ၄ ရက်နေ့မကုန်မီပင် ဗြိတိန်နိုင်ငံသည်စစ်ကျေညာကာ စစ်ထဲဝင်ခဲ့လေသည်။ ဂျပန်နိုင်ငံသည် ဗြိတိန်နှင့်ချုပ်ဆိုထားသော မဟာမိတ်စာချုပ်အရ မကြာမီဗြိတိန်ကိုကူညီရန် စစ်ကျေညာကာ စစ်ထဲဝင်ခဲ့သည်။ အခြားဟန်ဂေရီ၊ ဘူလဂေးရီးယား၊ တူရကီစသောနိုင်ငံများကလည်း ဂျာမနီနှင့် ဩစတြေးလီးယားဘက်မှ စစ်ထဲဝင်လာကြလေရာ၊ ဥရောပဗဟိုနိုင်ငံများဟုခေါ်သော ထိုနိုင်ငံများကတစ်ဖက်၊ ရုရှား၊ ပြင်သစ်၊ အင်္ဂလိပ်စသော မဟာမိတ်နိုင်ငံများကတစ်ဖက်၊ စစ်ရေးပြိုင်ကြသည့် ပထမကမ္ဘာစစ်ကြီး ဖြစ်ပေါ်လာခဲ့သည်။

ဗဲလဂျီယမ်သည် ရှိသမျှစစ်သား ၂ သန်းခန့်နှင့် အင်အားကြီးမားသော ဂျာမန်စစ်တပ်ကြီးကို ရက်သတ္တ ၂ ပတ်မျှကြာအောင် ခုခံတွန်းလှန်နေခဲ့သဖြင့်၊ ပြင်သစ်အဖို့ ဂျာမန်များဝင်ရောက်မည့်လမ်းများတွင် စစ်အင်အားထပ်ဖြည့်ထားရန် အချိန်ရခဲ့သည်ပြင်၊ ပြင်သစ်နိုင်ငံမြောက်ပိုင်းသို့ ရှိသမျှသော အင်္ဂလိပ်စစ်တပ်များကိုလည်း တင်ပို့နိုင်ခဲ့၏။ ထိုသို့မဟာမိတ်များဘက်တွင် စစ်အင်အားဖြည့်တင်းရန်



ဩစတြီးယား အိမ်ရှေ့စံဖာဒီနန်းနှင့်ကြင်ယာတော်တို့အား ပစ်သတ်သည့်လူသတ်သမားအား ဖမ်းဆီးနေစဉ်



www.burmeseclassic.com

www.burmeseclassic.com




စစ်မြေပြင်ဆင်းရတော့မည့် ပြင်သစ်ပြည်ရောက် အမေရိကန်စစ်သားများ အပြီးသတ်ချေမှုန်းပွဲ စစ်ရေးလေ့ကျင့်နေကြစဉ်

၁၉၁၆ ခုနှစ်အတွင်း စစ်အခြေအနေ။ ။ ထိုနှစ် ဩဂုတ်လအတွင်း ရုမေနီးယားနိုင်ငံသည် မဟာမိတ်တို့ဘက်မှ စစ်ထဲဝင်လာလေသည်။ ရုမေနီးယားသည် ဟန်ဂေရီနိုင်ငံလက်အောက်သို့ ကျရောက်ခဲ့သော ရုမေးနီးယန်းအမျိုးသားတို့၏ လွတ်မြောက်ရေးအတွက် စစ်ထဲဝင်လာခြင်း ဖြစ်ပေသည်။ ရုမေနီးယားသည် ဟန်ဂေရီနိုင်ငံတွင်းသို့ ဝင်ရောက် တိုက်ခိုက်ရာ ဂျာမနီနှင့် ဘူလဂေးရီးယားတပ်များက ပြန်လှန်တိုက်ခိုက်သဖြင့် အရေးနိမ့်ခဲ့ရသည့်ပြင် ရုမေးရီးယားနိုင်ငံ၏ တစ်ဝက်မျှရှိသော အဖိုးတန်သည့် ရေနံနှင့် ဂျုံစပါးထွက်သော ဒေသများမှာ ရန်သူ၏လက်သို့ ကျရောက်ခဲ့လေသည်။

၁၉၁၅ ခုမေလ ၃ ရက်နေ့တွင် အီတလီသည် ဩစတြီးယားပိုင်နယ်မြေအချို့ရမည်ဟူသော လျှို့ဝှက်ကတိကြောင့် ယခင်ကဂျာမနီနှင့်သုံးနိုင်ငံ ချစ်ကြည်ရေးစာချုပ်ကို ဖောက်ဖျက်ပြီးလျှင် မဟာမိတ်တို့ဘက်မှ စစ်ထဲသို့ဝင်လာလေသည်။ ထိုနှစ်အတွင်း၌ အီတလီစစ်မျက်နှာတွင်ကြီးကျယ်လှသော တိုက်ပွဲကြီးများ မရှိခဲ့ချေ။ ၁၉၁၆ ခု ဩဂုတ်လ အတွင်း၌ကား အီတလီသည် ဩစတြီးယားနိုင်ငံကို ထိုးစစ်ဆင်ခဲ့ရာ အရေးအပါဆုံးသော အောင်မြင်မှုမှာ ဂိုးရီးဇီးယားကို သိမ်းပိုက်နိုင်ခြင်း ဖြစ်ပေသည်။ ဆောင်းရာသီမကျမီလေးတွင် အီတလီသည် အေဒြီယက်တစ်ပင်လယ် သဘော်ဆိပ်ကမ်းမြို့ဖြစ်သော ထရီးယက်မြို့ကို သိမ်းပိုက် တိုက်ခိုက်ရန် အသင့်ပြင်ထားခဲ့လေသည်။

ထိုနှစ်အတွင်း အရေးအပါဆုံးသောတိုက်ပွဲမှာ အနောက်ဘက်စစ်မျက်နှာမှ ဗာဒန်တိုက်ပွဲဖြစ်၏။ ဂျာမန်တို့ဘက်မှ အိမ်ရှေ့ဥပရာဇာကိုယ်တိုင် ကွပ်ကဲ၍တိုက်ခိုက်၏။ ဖေဖော်ဝါရီလမကုန်မီမှ စက်တင်ဘာလဆန်းခန့်အထိ ခြောက်လခန့် တိုက်ခိုက်ခဲ့သည်တွင် ရှေ့သို့လေးမိုင်ခန့်မျှသာ တိုးတက်နိုင်သဖြင့် ဗာဒန်ခံတပ်မြို့ သိမ်းပိုက်ရေးကို ဂျာမန်တို့ လက်လျှော့လိုက်ရလေသည်။ ယင်းသို့ရှိနေစဉ် မဟာမိတ်တို့သည် မြောက်ဘက်ရှိ ဆုမ်းမြစ်တစ်လျှောက်တွင် အကြီးအကျယ် ထိုးစစ်ဆင်ရန် ပြင်ဆင်ခဲ့လေသည်။ ထိုအချိန်လောက်တွင် မဟာမိတ်တို့၏ အမြောက်လက်နက်များမှာ အထူးတိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်ရာ သံမဏိ၊ အင်္ဂတေတို့ဖြင့်ခိုင်ခံ့လှသည့် မိုင်ပေါင်းများစွာ ရှည်လျားသည့် ဂျာမန်ကတုတ်ကျင်းများကိုချေမှုန်းဖျက်ဆီးနိုင်ခဲ့လေသည်။ ထိုပြင်ထိုနှစ်တွင် မဟာမိတ်တို့သည် တင့်ကားများကို စတင်သုံးခဲ့သည်။ ထိုနှစ် ဒီဇင်ဘာလတိုင်အောင် မဟာမိတ်တို့သည် ဖိချီတက်လာခဲ့ရာ ဂျာမန်တို့သည် ကြံ့ကြံ့ခံယင်း နောက်သို့ဖြည်းဖြည်း ဆုတ်ပေးခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com


သည် ဂျပန်၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် အရှေ့တိုင်းသို့ ကူးစက်လာခဲ့လေရာ ပစိဖိတ်သမုဒ္ဒရာတခုလုံးမှာ ဂျပန်နှင့် အင်္ဂလိပ် အမေရိကန်တို့ စစ်ခင်းရာ တလင်းပြင်ကြီးဖြစ်လာတော့သည်။ ဂျပန်တို့သည် အင်္ဂလိပ်၊ အမေရိကန်တို့ အဝိုက်တွင် ဝင်စီးလိုက်ရသဖြင့် ပထမတွင် များစွာစစ်ရေးသာလျက် ရှိသည်။ ဂျပန်တို့သည် စစ်အတွက် နှစ်ပေါင်းများစွာကပင် ပြင်ဆင်ထားခဲ့သည်။ စစ်သားများကိုလည်း အထူးလေ့ကျင့် ပေးထားသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းအဆက်အသွယ်များမှာလည်း ဂျပန်တို့အဖို့များစွာ အဆင်ပြေလျက် ရှိသည်။ တိုက်ခိုက်ရာ၌ လက်ဦးသဖြင့် အလွယ်တကူသိမ်းပိုက်ရရှိသော နေရာများကို စစ်စခန်းပြုလုပ်က နောက်ထပ် ဆက်လက်၍ နယ်ပယ်များကို တိုက်ခိုက်သိမ်းယူနိုင်လေသည်။ သို့ဖြစ်၍ ငါးလတိုင်တိုင် ဂျပန်တို့သည် အောင်ပွဲများ တစ်ခုပြီးတစ်ခု ဆွတ်ခူးလျက်ရှိသည်။ ၁၉၄၁ ခု ဒီဇင်ဘာလ ၁၀ရက်နေ့တွင် ဗြိတိသျှတို့၏ အကြီးဆုံးနှင့် အကောင်းဆုံး စစ်သင်္ဘောကြီး နှစ်စင်းဖြစ်သော ဝေလမင်းသားနှင့် ရီပတ်တို့ကို ဂျပန်လေယာဉ်ပျံများက နှစ်မြှုပ်ပစ်လိုက်သည်။

**ဂျပန်တို့၏အောင်ပွဲများ။** ။ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများမှာ ဂျပန်တို့လက်တွင်းသို့ တဖြည်းဖြည်းကျဆင်းလျက်ရှိလေသည်။ ဂျပန်ရေတပ်သည် ဒီဇင်ဘာလအတွင်း၌ပင် ဂွမ်ကဒန်း၊ ဝိတ်ကဒန်းတို့ကိုသိမ်းပိုက်ပြီးနောက် ဗြိတိသျှပိုင် ဟောင်ကောင်ကျွန်းကို သိမ်းပိုက်လေသည်။ ထို့နောက် ဂျပန်တို့သည် မလေးကျွန်းဆွယ်နှင့် ဖိလစ်ပိုင်ကျွန်းတို့ကို တိုက်ခိုက်သည်။ ဖိလစ်ပိုင်ကဒန်းရှိ ဗိုလ်ချုပ် မက်အာသာ အုပ်ချုပ်သော အမေရိကန် ဖိလစ်ပီနိုတပ်များက အပြင်းအထန် ခုခံသော်လည်း စစ်အင်အားချင်း မမျှသဖြင့် ဆုတ်ခွာပေးရသည်။ လူဇုန်၊ ဗာတန်း၊ ကော်ရက်ဂီဒေါ်ကျွန်းတို့မှာ တစ်ခုပြီးတစ်ခု ဂျပန်၏လက်တွင်းသို့ သက်ဆင်းကြရသည်။ အမေရိကန်စစ်သားအမြောက်အမြားပင် သုံ့ပန်းအဖြစ် အဖမ်းခံရလေသည်။ ပစိဖိတ်အနောက်တောင်ပိုင်းတွင်လည်း ဂျပန်တို့မှာ အထူးပင်စစ်ရေးသာလျက်ရှိသည်။



စစ်ဒဏ်ကိုနှစ်ကြိမ်တိုင်မရှုမလှခံခဲ့ရသည့် ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော်မနီလာ



www.burmeseclassic.com

